# စားနပ်ရိက္ခာဖူလုံမှုအခြေအနေကို လေ့လာခြင်း ၊ ရခိုင်ပြည်နယ် မြောက်ပိုင်း ။

WFP wfp.org vam food security analysis

**စားနပ်ရိက္ခာဖူလုံမှုအခြေအနေ၊** အရေးပေါ်အခြေအနေအတွက် အဂေးမှ ယခင်လေ့လာမှုများနှင့် တပြေးတည်းပင် ယခု စားနပ်ရိက္ခာဖူလုံမှု စမ်းစစ်လေ့လာခြင်းမှရရှိသော စားနပ်ရိက္ခာဖူလုံမှု အခြေအနေသည် ဆိုးရွားနေပြီး ၂၀၁၆ အောက်တိုဘာလမှ ကြုံတွေ့ခဲ့သော အဖြစ်အပျက်များနှင့် ဆက်စပ် လုံခြုံရေးအခြေအနေရှိသော ဒေသတပိုက်တွင် ဆင်းရဲနွမ်းပါးမှုပိုမိုမြင့်မားနေပါသည်။ သုံးပုံတစ်ပုံခန့်နီးပါးရှိသော လူများသည် စားနပ်ရိက္ခာဖူမလုံမှုနှင့်ပတ်သက်၍ ဆိုးရွားစွာကြုံတွေ့နေရပါသည်၊ လူသားချင်းဆိုင်ရာအကူ အညီများလည်း လိုအပ်နေပါသည်။ အစားအစာ စားသောက်မှု မတူကွဲပြားခြင်းကိုလေ့လာရာတွင် ၁၄%သော အမျိုးသမီးများသာလျှင် အနည်းဆုံး အစားအစာ စားသောက်မှုပုံစံ လိုအပ်ချက်ကိုရရှိပါသည်။ ဝင်ငွေရရှိနိုင်သော အခွင့်အလမ်းများကိုခြောက်လှန့်နေပြီး အိမ်ထောင်စုများအနေဖြင့် လိုအပ်နေသော လုံလောက်သည့်အစားအစာကို လက်လှမ်းမှီရန် ခက်ခဲနေပါသည်။ ထက်ဂက်ခန့်သော ဈေးများမှာလုံးဂမလည်ပတ်ခြင်း (သို့မဟုတ်) ကောင်းစွာမလည်ပတ်နိုင်ခြင်းရှိနေပြီး စားနပ်ရိက္ခာ ဈေးနှုန်းများ စွာမြင့်တက်နေခြင်းနှင့် ဈေးအများစုတွင် အိမ်ထောင်စုများအနေဖြင့် တတ်နိုင်သော အစားစာရိက္ခာများထောက်ပံ့ဂင်ရောက်လာမှုများ မလုံလောက်ခြင်းများ ဖြစ်နေပါသည်။

- ၂၀၁၇ခုနှစ် မတ်လ ၂၆ရက်မှ ဧပြီလ ၁၀ရက် အတွင်း ကျေးရွာပေါင်း ၄၅ရွာတွင် ၄၅၀ အိမ်ထောင်စုကို မျက်နှာချင်းဆိုင်ပြုလုပ်သော အင်တာဗျူးများပြုလုပ်ခဲ့ပါသည်။
- ယခုလေ့လာမှုသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် FSIN အဖွဲ့ပူးပေါင်းပြီး တစ်နှစ်တွင် နှစ်ကြိမ်ကောက်ယူသော စားနပ်ရိက္ခာဖူလုံမှုလေ့လာခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။

## လေ့လာမှုနောက်ခံအကြောင်းအရာ

၂၀၁၆ နိုဂင်ဘာလနှင့် ဒီဇင်ဘာလ တွင်ပြုလုပ်ခဲ့သော အရေးပေါ်အခြေအနေ အတွက် အဂေးမှ လေ့လာမှုများနောက်ဆက်အနေဖြင့် ယခုလေ့လာမှုသည် ၂၀၁၇ခုနှစ် မတ်လတွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် FSIN အဖွဲ့ပူးပေါင်းပြီး မြို့နယ်ပေါင်း ၁၁၀တွင် တစ်နှစ်တွင် နှစ်ကြိမ်ကောက်ယူသော စားနပ်ရိက္ခာဖူလုံမှုလေ့လာခြင်း၏ တစိတ်တပိုင်းဖြစ်ပါသည်။

၂၀၁၇ခုနှစ် မတ်လ ၁၆ရက်မှ ဧပြီလ ၁၀ရက် အတွင်း ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိ ကျေးရွာပေါင်း ၄၅ရွာတွင် ၄၅၀ အိမ်ထောင်စုကိုလေ့လာမှုများပြုလုပ်ခဲ့ပါသည်။ ယခုဆန်းစစ်လေ့လာမှုသည် စာရင်းအင်းဆိုင်ရာနည်းပညာအရ မြို့နယ်ကိုယ်စား နမူနာများကို အခြေခံ ထားပြီး စားနပ်ရိက္ခာအခြေအနေနှင့် အသက်မွေးဂမ်းကျောင်း ဆိုင်ရာအခြေအနေများ ၊ ကလေးများ အစားအစာစားသောက်မှုပုံစံ ၊ အစားအစာကျွေးမွေးမှုများကိုလေ့လာ သိရှိနိုင်ရန် ပုံစံဖော်လေ့လာထားခြင်း ဖြစ်ပါသည်။(လေ့လာမှုနှင့် ပတ်သက်သော နည်းလမ်းများကို အသေးစိတ် ကြည့်နိုင်ရန် နောက်တွင်ထည့်ပေးထားပါသည်)

**မြေပုံ ၁။** *စစ်တမ်းကောက်ယူသော ဒေသ*




## စားနပ်ရိက္ခာဖူလုံမှုအခြေအနေကိုခြုံငုံသုံးသပ်ခြင်း


မြန်မာနိုင်ငံတွင် မောင်တောခရိုင်သည် အဆင်းရဲနွမ်းပါးဆုံးနှင့် ကာလရှည် စားနပ်ရိက္ခာမဖူလုံမှုများကြုံတွေ့နေရသော ဒေသဖြစ်ပြီး ယခုလေ့လာမှုအရလည်း စားနပ်ရိက္ခာနှင့် ပတ်သက်၍ နောက်ပိုင်းတွင် ယိုယွင်းပျက်စီးနေမှုများဖြစ်နေပါသည်။ အိမ်ထောင်စု၏အစားအစာ စားသုံးမှုအခြေအနေကိုတိုင်းတာရာတွင် သုံးပုံနှစ်ပုံခန့်သော အိမ်ထောင်စုများသည် လုံလောက်သော အစားအစာစားသောက်မှုများကိုမစားနိုင်ပါ ။ ဆန်းစစ်လေ့လာမှုမတိုင်ခင် တပတ်အတွင်း စားသောအစားအစာများကိုလေ့လာရာတွင် ၂၈ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် အာဟာရလုံလောက်အောင် မစားသုံးနိုင်သော အခြေအနေကြုံတွေ့နေရသည်ကိုတွေ့ရပါသည်။ ယခင်(၂၀၁၄-၂၀၁၆)လေ့လာမှုများနှင့်ဆက်စပ်ကြည့်လျှင် အစားအစာမဖူလုံမှုနှုန်းမှာ ၄၃ရာခိုင်နှုန်းမှ ၆၂ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီး အိမ်ထောင်စုများ၏ အနွမ်းပါးဆုံး စားသောက်မှုပုံစံ(အာဟာရလုံလောက်အောင်မစားသုံးနိုင်မှု)သည် ၉ရာခိုင်နှုန်းမှ ၂၉ ရာခိုင်နှုန်းထိဖြစ်လာပါသည်။ ဆန်းစစ်လေ့လာမှုမတိုင်ခင် ရက်ပေါင်း ၃၀အတွင်း အိမ်ထောင်စု၏ အစားအစာရရှိနိုင်ရန် လက်လှမ်းမှီနိုင်မှု ခက်ခဲသော အခြေအနေကိုလေ့လာရာတွင် သုံးပုံတစ်ပုံသော အိမ်ထောင်စုများသည် အလွန်အမင်း အစားအစာမဖူလုံမှုအခြေအနေ ၊ (၂၈ ရာခိုင်နှုန်း)သော အိမ်ထောင်စုများ၏ အိမ်တွင် စားစရာဘာမှုကိုမရှိခြင်း ၊ (၃၄ ရာခိုင်နှုန်း)သော အိမ်ထောင်စုတွင် မိသားစုဂင်တစ်ဦးဦးသည် ဆာလောင်မွတ်သိပ်စွာဖြင့်ညအိပ်ရာဂင်ခဲ့ရခြင်း သို့မဟုတ် (၂၈ရာခိုင်နှုန်း)သော အိမ်ထောင်စုတွင် အိမ်ထောင်စုဂင်တစ်ဦးဦးသည် တစ်နေ့လုံး တစ်ညလုံးဘာမှ မစားရဘဲနေခဲ့ရခြင်း ကဲ့သို့သော ခက်ခဲမှုအခြေအနေများကို ကြုံတွေ့နေရပါသည်။

ဝင်ငွေရရှိနိုင်သော အခွင့်အလမ်းများကိုခြောက်လှန့်နေပြီး အိမ်ထောင်စုများအနေဖြင့် လိုအပ်နေသော လုံလောက်သည့် အစားအစာကို လက်လှမ်းမှီရန် ခက်ခဲနေပါသည်။ အစားအစာပြတ်လပ်မှုကို ဖြေရှင်းရန် အခက်အခဲကျော်လွှားနည်းလမ်းများကို အသုံးပြုဖြေရှင်းနေရပါသည်။ ၂၀၁၆ဇန်နဂါရီမှဧပြီထိနှင့် နှိုင်းယှဉ်လျှင် အစားအစာဈေးနှုန်းများ ပျမ်းမျှ၇.၄ရာခိုင်နှုန်းထိ မြင့်တက်နေခဲ့ပြီး အိမ်ထောင်စုများ၏ အစားအစာဂယ်လိုအား(အိမ်ထောင်စု ဂင်ငွေနှင့်အသုံးစရိတ်အချိုးချခြင်း)သည် ၄၄ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ ထက်ဂက်ခန့်သော ဈေးများမှာလုံးဂမလည်ပတ်ခြင်း (သို့မဟုတ်) ကောင်းစွာမလည်ပတ်နိုင်ခြင်းရှိနေပါသည်။ စားနပ်ရိက္ခာ ဈေးနှုန်းများ စွာမြင့်တက်နေခြင်းနှင့် ဈေးအများစုတွင် အိမ်ထောင်စုများအနေဖြင့် တတ်နိုင်သော(ဂယ်စားနိုင်သော) ငါးခြောက်၊ အသားဓာတ်အဓိကပါသော အစားစာရိက္ခာများ ထောက်ပံ့ဂင်ရောက်လာမှု မလုံလောက်ခြင်းများ ဖြစ်နေပါသည်။ အစားအစာမဖူလုံမှုမြင့်မာနေခြင်း ၊ ကျန်းမာရေးအခြေခံလိုအပ်ချက်များသို့ လက်လှမ်းမှီနိုင်မှု ကန့်သတ်ချက်များရှိနေခြင်း ၊ သန့်ရှင်းသော သောက်သုံးရေရရှိမှုနှင့် အိမ်သာအခြေနေကောင်းစွာမရရှိခြင်း တို့မှာ ပိုမိုဆိုးရွားနေပြီး ၊ စိုးရိမ်ရသော အဟာရချို့တဲ့မှုများကြုံတွေ့နေရပါသည်။( DHS 2015-16 လူဦးရေအချိုးအစားနှင့် ကျန်းမာရေစစ်တမ်း ၂၀၁၅-၁၆ အရအခြေခံ၍ ရခိုင်ပြည်နယ်အတွက် Global Acute Malnutrition(GAM) မှာ ၁၃.၉ ရာခိုင်နှုန်းရှိနေပြီး Severe Acute Malnutrition(SAM) မှာ -၃.၇ ရာခိုင်နှုန်းရှိနေပါသည်။) အသက် ၆လမှ ၂၃လအတွင်းရှိသော ကလေးတစ်ဦး တစ်ယောက်တွင်မှ အနည်းဆုံးလိုအပ်သော အစားအစာ စားသောက်မှုပုံစံကိုလေ့လာရာတွင် အာဟာရလုံလောက်ပြည့်ဂစွာ ရရှိနိုင်မှု မရှိပါ။ ၂.၅ရာခိုင်နှုန်းသောကလေးများသာလျှင် အနည်းဆုံးလိုအပ်သော အစားအစာ စားသောက်မှုပုံစံရှိပြီး ၊ ၈.၅ရာခိုင်နှုန်းသော ကလေးများသာလျှင် အနည်းဆုံးလိုအပ်သော အစားအစာ အကြိမ်အရေအတွက်ကို ရရှိပါသည်။

မောင်တောမြို့နယ်ရှိ ၂၄ ရာခိုင်နှုန်းသော အိမ်ထောင်စုများနှင့် ဘူးသီးတောင်မြို့နယ်ရှိ ၁၇ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် အမျိုးသမီး အိမ်ထောင်ဦးစီးများသာ ဖြစ်ကြပါသည်။ ထိုအချက်သည် အစုအဖွဲ့လိုက်ကျေးရွာတွင်းဆွေးနွေးထားသော အချက်အလက်များအရ အများစုသောအရွယ်ရောက်သော အမျိုးသားများသည် လုံခြုံရေးအခြေအနေအရ နေအိမ်ကို စွန့်ခွာ နေနေကြရပါသည်ဟူသော အချက်နှင့်အညီဖြစ်နေပါသည်။ အခြေအနေဆိုးရွားသော ဆာလောင်မွတ်သိပ်မှုများ အကြိမ်မြင့်မား နေခြင်းကြောင့် ထိုလူအုပ်စုများသည် စားနပ်ရိက္ခာဖူလုံမှုအတွက် ဆင်းရဲနွမ်းပါးဆုံးဖြစ်နေပါသည်။(ပုံ ၂)


ဤအခြေအနေများနှင့် ရှေ့လာမည့်မိုးရာသီဖြစ်သည့်အတွက်ကြောင့် ပိုမိုဆိုးရွားလာနိုင်ပြီး ပိုမိုထိခိုက်ပျက်စီးလွယ်သော အခြေအနေဖြစ်လာနိုင်ပါသည်၊ ဆင်းရဲအနွမ်းပါးဆုံးသော လူများ၏ လုံလောက်သော အစားအစာကို လက်လှမ်းမှီနိုင်မှု စွမ်းရည်မှာ ရေရှည်တွင်ဆိုးရွားထိခိုက်နိုင်ပါသည်၊ မကြာခင်ကာလတွင်း လူသားချင်းဆိုင်ရာ အကူအညီပေးမှုများတွင်လည်း အများကြီးမူတည်နေပါသည်။ ခန့်မှန်း အိမ်ထောင်စုပေါင်း ၃၈,၀၀၀ ၊ လူဦးရေ ၂၂၅,၈၀၀ ယောက်ခန့် သည် လူသားချင်းဆိုင်ရာ အကူအညီအထောက်အပံ့များ တကယ်ပင်လိုအပ်နေပါသည်။ ၂၀၁၇ ခုနှစ်အစောပိုင်း ဒေတာကိန်းဂဏာန်းများအရ ကလေးများသည် လတ်တလော အာဟာရချို့တဲ့မှုတွက် ကုသမှုများလိုအပ်နေကြောင်းဖော်ပြနေပါသည်။ အသက် ၅နှစ်အောက် ကလေး ၈၀,၅၀၀ ယောက်သည် လတ်တလော အာဟာရချို့တဲ့မှုအတွက် ကုသများ တကယ်ပင်လိုအပ်နေပါသည်။

**မြေပုံ ၂။** *မောင်တောခရိုင်*



# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ

**မြေပုံ ၃။** *ထိခိုက်နစ်နာလွယ်သော ဒေသများ*




## လူဦးရေမည်မျှ နှင့် မည်သည့်နေရာတွင် အမှန်တကယ်လိုအပ်နေသလဲ ။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ခန့်မှန်းချက်အရ မောင်တောခရိုင်တွင် လူဦးရေ ၈၈၀,၀၀၀ ခန့်တွင် ၁၅၈,၅၀၀ခန့်သည် အသက်၅နှစ်အောက်ကလေးများ ဖြစ်ကြသည်။

အိမ်ထောင်စု၏အစားအစာရရှိရန်ခက်ခဲမှု(ဆာလောင်မှု)အခြေအနေအပေါ် လေ့လာချက်များအရ ၂၂၅,၈၀၀ ခန့်သော လူဦးရေသည် အစားအစာအခက်အခဲ ဆာလောင် မွတ်သိပ်မှုများနှင့် ကြုံတွေ့နေရပြီး လူသားချင်းဆိုရာ အကူအညီများ အမှန်တကယ်ပင်လိုအပ်နေပါသည်။ (ပုံ ၁)

အသက်၅နှစ်အောက်ကလေးများရှိသော အိမ်ထောင်စုများ ၊ မုဆိုးမများသော အိမ်ထောင်စုများ ၊ အမျိုးသမီး အိမ်ထောင်ဦးစီး အိမ်ထောင်စုများ (သို့မဟုတ်) အမျိုးသမီး အိမ်ထောင်စုဝင်များသာရှိသော အိမ်ထောင်စုများသည် စားနပ်ရိက္ခာမဖူလုံမှု အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရပြီးအသက်မွေးဝမ်းကျောင်းရှိသောအိမ်ထောင်စုမှာ ပျမ်းမျှ ၁၀ရာခိုင်နှုန်းအထက်သာရှိပါသည်။(ပုံ ၂)

မွေးကင်းစကလေးများနှင့်၂၃လ(၂နှစ်အောက်)ကလေးများအား အစားအစာကျွေးမွေးမှုပုံစံကို လေ့လာရာတွင် အစားအစာ အဟာရလုံလောက်အောင် မရရှိခြင်းနှင့် အစားအစာ စားရသော အကြိမ်အရေအတွက်နည်းနေသည်ကိုတွေ့ရပါသည်။

သန့်ရှင်းသော သောက်သုံးရေနှင့် အိမ်သာအခြေအနေ နည်းပါး နေခြင်းတို့သည်လည်း ကလေးများအတွက် ပိန်လှီခြင်း (wasting)တိုးလာပြီး ရေရှည်တွင် ပုညက်ခြင်း(stunding)ကို ထိခိုင်နိုင်ချေရှိပါသည်။

၂၀၁၇ ကနဦး ဒေတာအချက်အလက်များအရ ကလေးများ သည် လတ်တလော အာဟာရချို့တဲ့မှုအတွက် ကုသမှုများ ပိုလိုအပ်လာနေပါသည်။ ခန့်မှန်းချက်အရ ၈၀,၅၀၀ ခန့်သော ငါးနှစ်အောက် ကလေးငယ်များသည် လတ်တလော အာဟာရချို့တဲ့မှုအတွက် ကုသမှုများ နောက် ၁၂လအတွင်း လိုအပ်နေပါသည်။ ထိုခန့်မှန်းချက်သည် ကလေးများအတွက် ဘက်စုံကုသပေးမှုစက်ဝန်းအလိုက်အမှန်တကယ်လိုအပ် နေခြင်း ဖြစ်ပါသည်။

WFP မှ ဖေ့ဖော်၂၀၁၇တွင် ပြုလုပ်ခဲ့သော တစ်နှစ်တွင် နှစ်ကြိမ် ပြုလုပ်သည့် ဒေသလေ့လာမှု အချက်အလက်များအရ မြေပုံ၃ တွင်ပြထားသည့်အတိုင်း ဆင်းရဲနွမ်းပါးဆုံး ဒေသများကို ဖော်ပြထားပါသည်။ ဆင်းရဲနွမ်းပါးမှုကို တိုင်းတာရာတွင် အစားအစာ၊သီးနှံ ထုတ်လုပ်မှု ၊ အစားအစာ လက်လှမ်းမှီနိုင်မှု ၊ ဈေးကွက် ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ၊ ကလေးများ လတ်တလော အာဟာရ ချို့တဲ့မှုအတွက်ကုသမှုခံယူရရှိမှုအခြေအနေစသည်တို့အပါအဝင် ညွှန်ကိန်း ၁၁ခုကို မူတည် တိုင်းတာ ထားပါသည်။

## ကြားဝင်ဖြေရှင်းမှုများအတွက် ပါဝင်ပတ်သက်ခြင်းများ

ရွှေ့လျားသွားလာမှုများ အဟန့်အတားရှိခြင်းသည် လူများအတွက် အစားအစာများရရှိရန် လက်လှမ်းမှီနိုင်ရန် အခက်အခဲတစ်ခုဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ဈေးများနှင့် ကျန်မာရေးစောင့်ရှောက်မှုများကို လက်လှမ်းမှီရန် ဆက်သွယ်သွားလာနိုင်ရန် အပြည့်အဝနှင့် အဟန့်အတား မရှိခြင်းသည် ရေရှည်အတွက် လုံလောက်သော အစားအစာများကို လက်လှမ်းမှီရန် ဖြေရှင်းမှုများအတွက် အဓိကအနေဖြင့် ကြိုတင်အခြေအနေ ဖြစ်ပါသည်။


ကြားဝင်ဖြေရှင်းမှုများကို စဉ်းစားရာတွင် အိမ်ထောင်စုများ၏ အစားအစာလက်လှမ်းမှီနိုင်မှု အခက်အခဲများ ၊ အစားအစာ ထောက်ပံ့ရရှိမှုများတည်ငြိမ်မှုရှိစေခြင်းများ နှင့် ဖြစ်နိုင်ပါက အစားအစာ ရရှိနိုင်ခြင်းအတွက် အိမ်ထောင်စုများအနေဖြင့် အစားအစာ(သီးနှံ)ထုတ်လုပ်မှုများပြုလုပ်နိုင်စေခြင်း ၊ အာဟာရ ဓာတ်ပြည့်ဝစွာ ၊ အသားဓာတ်ပြည့်ဝသောအသားများ အစားအစာများရရှိနိုင်စေခြင်း စသည်တို့ကို ဖြေရှင်းနိုင်သော အချက်အလက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

အသက်ကယ် အကူညီအနေဖြင့် မုဆိုးမများနေသော အိမ်ထောင်စုများ၊ ၅နှစ်အောက်ကလေးငယ်များရှိသော အိမ်ထောင်စုများ (သို့မဟုတ်) အမျိုးသမီးအိမ်ထောင်ဦးစီးသော အိမ်ထောင်စုများသည် အာဟာရဆိုင်ရာနှင့်ပတ်သက်၍ အန္တရာယ်ရှိနိုင်သော အုပ်စုများဖြစ်သည့်အတွက် ဦးစားပေး ဆောင်ရွက်ရန် အကြံပြု ထောက်ခံပါသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အကူအညီများ ချက်ချင်းလိုအပ်ချက်များ ရှိနေပြီး ထိုသည်များသည် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးသောကာလတွင် အကူအညီအထောက်အပံ့ ခံစားခွင့်ရှိသောသူများအနေဖြင့် ဝင်ငွေများရရှိနိုင်ရန် လုပ်ဆောင်ပေးနိုင်ခြင်းနှင့် လုံခြုံရေးအခြေအနေများကြောင့် ဆုံးရှုံးသွားသော ပိုင်ဆိုင်မှုများကို ပြန်လည်ဖြည့်ရရှိနိုင်စေခြင်း ဖြစ်ပေးလိမ့်မည်။


အာဟာရဆိုင်ရာနှင့်ပတ်သက်၍ ကြားဝင်ဖြေရှင်းမှုများအနေဖြင့် ကလေးများ လတ်တလော အာဟာရချို့တဲ့မှုအတွက် ကုသမှုခံယူရရှိမှုအခြေအနေများကို တိုး၍ဆောင်ရွက်ခြင်း ၊ အာဟာရဆိုင်ရာများယိုယွင်းလိုအပ်နေခြင်းကိုကာကွယ်ရန် ကလေးများနှင့် အမျိုးသမီးများ အားလုံးအတွက် ဖြည့်စွက် အစားအစာများ ကျွေးမွေးခြင်း နှင့် ကလေးငယ်များအား အစားအာဟာရတိုက်ကျွေးခြင်းများကိုထပ်တိုးလုပ်ဆောင်ခြင်း တို့ကိုပိုမိုအလေးထားဆောင်ရွက်သင့်ပါသည်။

လုံခြုံရေးအခြေအနေများနှင့် ရွှေ့လျားသွားလာမှု အဟန့်အတားများ ပြောင်းလဲလာပြီး ၊ လူသားခြင်းဆိုင်ရာ အကူအညီပေးမှုများသည် ရိက္ခာပစ္စည်းများဝေငှခြင်းနည်းလမ်းများဖြစ်သင့်ပါသည်။ ဈေးနှုန်းတက်ခြင်း ၊ မိမိတို့ကြိုက်နှစ်သက်သော ကုန်စည်များ မရရှိနိုင်ခြင်း၊မရောက်ရှိနိုင်ခြင်း၊ ဈေးကွက် လည်ပတ်မှုအနေ အထား ၊ လုံခြုံမှုရှိစွာ လက်လှမ်းမမှီနိုင်ခြင်း ခြေအနေများကြောင့် ငွေသားအကူအညီပေးခြင်းများသည် ဖြစ်နိုင်သင့်တော်သလားဆိုသည်ကို လေ့လာပြီးမှသာ ဆောင်ရွက်သင့်ပါသည်။

**ပုံ ၁။** *လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ*




**ပုံ ၂။** *အခက်အခဲဖြစ်စေနိုင်သည့် အကြောင်းအရင်းများ*



# စားနပ်ရိက္ခာဖူလုံမှု အခြေအနေများ

## အစားအစာ လက်လှမ်းမှီနိုင်မှု


လူအများစုသည် နေ့စားများပုံစံဖြင့်လည်ပတ်နေရပြီး လုပ်ခနည်း ပါးခြင်း ၊ အလုပ်အကိုင် အခွင့်အလမ်း လျော့နည်းလာခြင်း များကြောင့် အစားအစာလက်လှမ်းမှီနိုင်ခြင်းကို အခက်အခဲ များဖြစ်စေပါသည်။ ၂၀၁၆ ဇန်နဝါရီမှဧပြီထိနှင့် နှိုင်းယှဉ်လျှင် အစားအစာဈေးနှုန်းများ ပျမ်းမျှ ၇.၄ရာခိုင်နှုန်းထိ မြင့်တက်နေခဲ့ပြီး အိမ်ထောင်စုများ၏ အစားအစာဝယ်လိုအား(အိမ်ထောင်စု ဝင်ငွေနှင့်အသုံးစရိတ်အချိုးချခြင်း) သည် ၄၄ရာခိုင်နှုန်းသို့ ကျဆင်း ခဲ့ပါသည်။

၉၀ရာခိုင်နှုန်းခန့်(၈၉%)သော အိမ်ထောင်စုများသည် အိမ်ထောင် စုတွင် အစားအစာမလုံလောက်မှုအတွက် စိုးရိမ်ပူပန်ခဲ့များ ကြုံတွေ့ခဲ့ပါသည်၊ မိမိစားဖို့လိုအပ်သည်ဟုထင်သော အစားအစာပမာဏ ထက် လျော့နည်းသောအစားအစာကိုသာ စားခဲ့ရခြင်း ၊ အနပ် အရေအတွက် လျော့စားရခြင်း အိမ်ထောင်စုပေါင်း( ၇၀% နှင့် ၅၉% အသီးသီး) ရှိပါသည်၊ မိမိတို့စားချင်သော အစားအစာများကို မစားရသော အိမ်ထောင်စု (၈၉%)ရှိပါသည်။ အိမ်ထောင်စုများ အနေဖြင့် အိမ်ထောင်စုစီးပွားဖြစ်ပိုင်ဆိုင်မှုများအား ရောင်းချခြင်း(၇%)၊ နောက် ရာသီအတွက် စိုက်ပျိုးရန် သိုလှောင်ထားသော မျိုးစေ့များ စားသုံးရခြင်း (၁၁%)၊မြေများ ပေါင်နှံရခြင်း(၇%)၊ အစားအစာ အတွက် တောင်းရမ်းစားသောက်ရခြင်း(၂၉%) နှင့် ကျန်းမာရေး အသုံးစားရိတ်(သို့) ပညာရေးစရိတ်လျှော့ချခြင်း(၇၂%) ကဲ့သို့သော ကပ်ဆိုက်သောအခြေအနေနှင့် အရေးပေါ် အခြေအနေ အခက်အခဲကျော်လွှားနည်းလည်းများကို လုပ်ဆောင် ဖြေရှင်းနေရပါသည်။ ဆန်းစစ်လေ့လာမှုမတိုင်ခင် ရက်ပေါင်း ၃၀အတွင်း အိမ်ထောင်စု၏ အစားအစာဝယ်ယူရန် ချေးငွေရရှိမှုနှင့်အကြွေးအခြေအနေကိုလေ့လာရာ တွင် ၂၀၁၆ ခုနှစ်တွင် ၂၀.၉ ရာခိုင်နှုန်းရှိခဲ့ရာမှာ ၂၀၁၇ မတ်လတွင် ၅၆ရာခိုင်နှုန်းသို့ သိသိသာသာမြင့်တက်လာပါသည်။


အစားအစာရရှိသောအရင်းအမြစ်များတွင် တောင်းရမ်းစားသောက်ခြင်းမှရ ရှိခြင်း၊တောထဲမှရှာဖွေရရှိခြင်း(ကောက်သင်းကောက်၊ တောမှရှာဖွေရှိခြင်း) နှင့် အလုပ်လုပ်ပေး၍ အစားအစာရယူခြင်း များကို အိမ်ထောင်စုများ မှီခိုနေရပါသည်။ ဆန်းစစ်လေ့လာမှုမတိုင်ခင် ရက်ပေါင်း၃၀အတွင်းတွင် သုံးပုံ နှစ်ပုံခန့်သော အိမ်ထောင်စုများ(၆၂%)သည် အစားအစာ ကို ချေးငှားစားသောက်ရပါသည်။

အိမ်ထောင်စုများ ၇ ရက်အတွင်း စားနေကျအစားအစာများအတွက် ကုန်ကျတန်ဖိုးကို နှင့် ဈေးနှုန်းများကို ဆန်းစစ်လေ့လာရာတွင်၊ ၂၀၁၇ ဧပြီ တွင် အိမ်ထောင်စုများသည် အင်အားဖြစ်စေသော ၊ ခန္ဓာကိုယ်ဖွံ့ဖြိုးစေသော ပရိုတိန်းဓာတ်များ၊ အဆီ နှင့် အာဟာရ ဓာတ်များနည်းပါးသော အမျိုးမစုံလင်သော အစားအစာ များကိုသာ စားနိုင်ကြပါသည်။ ပုံ၃တွင် ဖော်ပြထားသည့်အတိုင်း ပျမ်းမျှ အိမ်ထောင်စုတွင်(အိမ်ထောင်စုဝင် ၆.၅ယောက် နှင့် ဝင်ငွေရရှိသော လုပ်ငန်း(ကျဖမ်းလုပ်ငန်း)လုပ်ကိုင်သူ ၁.၃ယောက်) တစ်ပတ်အတွင်း စားနေကျ အစားအစာများအတွက် အင်အားဖြစ်စေသော အစားအစာနှင့်အာဟာရဓာတ်များ ပါဝင်သော အစားအစာ ပျမ်းမျှ ကုန်ကျ တန်ဖိုးကို ဖော်ပြထားပါသည်။ ၂၀၁၆ အောက်တိုဘာလ မတိုင်ခင်က လူများသည် ပမာဏအနေဖြင့်တော့ မလုံလောက်သော်လည်း ငါးခြောက် ၊ ပဲ ၊ ဟင်းသီးဟင်းရွက်စိမ်းနှင့် စားအုန်းဆီတို့ကိုဝယ်ယူနိုင်ပါသေး သည်။ နောက်ပိုင်းတွင် လူအများစုသည် စားနေကျအစားအစာများတွင် အာဟာရဓာတ်ပါဝင်မှုများဖြစ်သည့် လိုအပ်သော အသားဓာတ်၊ အဆီဓာတ်ပါသော အစားအစာများကို သိပ်မတတ်နိုင်တော့ပါ။ အိမ်ထောင်စုအများစုသည် အင်အားဖြစ်စေသော အစားအစာများဖြစ်သည့် အဓိက ဆန် ၊ အသီးအရွက်အချို့ နှင့် စားအုန်းဆီများကိုသာ လုံလောက်စွာ ဝယ်ယူစားသောက်နိုင်ပါသည်။ macro နှင့် micro အာဟာရများ လျော့နည်းနေခြင်းကြောင့် အာဟာရဆိုင်ရာနှင့် ကျန်းမာရေးတို့အတွက်ဆက်စပ်မှုများဖြစ်နေပါသည်။

*ပုံ ၃။ အစားအစာအတွက် တစ်ပတ်အသုံးစရိတ် နှင့် အဏုအာဟာရ နှင့် အားအင်ပြည့်ဖြိုးစေရန် တစ်ပတ်အသုံးစရိတ်နှိုင်းယှဉ်ပြပုံ*




*ပုံ ၄။ အစားအစာအုပ်စုအလိုက် တစ်ပတ်ပျမ်းမျှစားသုံးမှုအခြေအနေ*




## အစားအစာ အသုံးချနိုင်မှု


၆၉ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် စားနေကျ အစားအစာ များတွင် အာဟာရလုံလောက်အောင် မစားသုံးနိုင်ပါ ။ ၂၈ရာခိုင်နှုန်း သည် အနိမ့်ဆုံး(အနွမ်းပါးဆုံး poor FCS)ဖြစ်ပြီး ၄၁ရာခိုင်နှုန်းသည် သတ်မှတ်ထားသောအမှတ်အတွင်း(borderline FCS) ဖြစ်နေ ပါသည်။ အစားအစာအုပ်စုအနည်းငယ် နှင့် အသားဓာတ်မပါဝင်သော အစားအစာများကိုသာစားနေကြရခြင်းသည်ဆန်းစစ် လေ့လာနေ ဒေသဒေသတွင် အစားအစာအုပ်စု မျိုးစုံလင်စွာ၊လုံလောက်စွာ လက်လှမ်းမမှီနိုင်ခြင်းကြောင့် အဓိကပြဿနာ ဖြစ်နေပြီး အိမ်ထောင်စု ၆၂ ရာခိုင်နှုန်းတွင် ဖြစ်နေပါသည်။ အိမ်ထောင်စုများ၏ စားနေကျအစားအစာအုပ်စုများကွဲပြားခြားနားမှု ကိုလေ့လာရာတွင် အစားအစာ အုပ်စု ၁၂ခုတွင် ပျမ်းမျှ အများဆုံး ၃.၉အုပ်စုသာလျှင် စားကြပါသည်။ အစားအစာစားသောက်မှုပုံစံကိုလေ့လာရာတွင် ၂၈ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် အနိမ့်ဆုံး(အနွမ်းပါးဆုံး poor FCS)ဖြစ်ပြီး အစားအစာအုပ်စု ၂.၈အုပ်စုကိုသာလျှင် စားနိုင်သည့် အတွက် စိုးရိမ်ဖွယ်ရာဖြစ်သည်။ ဆန်းစစ်လေ့လာမှု မတိုင်ခင် တစ်ပါတ်အတွင်း အိမ်ထောင်စု၏ အစားအစာ စားသောက်မှုပုံစံအခြေအနေကိုလေ့လာရာတွင် အာဟာရဓာတ် အတွက် လိုအပ်သော ဟင်းသီးဟင်းရွက် ၊ သစ်သီးများ နှင့် အသားဓာတ်ပါသော အစားအစာများကို စားသုံးမှုမှာ လွန်စွာနည်းနေပြီး တစ်ပါတ်တွင် ၂.၉ ကြိမ်နှင့် ၀.၆ကြိမ်သာ အသီးသီးရှိပါသည်။ သတ်မှတ်ထားသောအမှတ်အတွင်း borderline FCS ရှိသော အိမ်ထောင်စုများ၏ စားသောက်မှုပုံစံကိုလေ့လာရာတွင် အနည်းငယ်ပိုမိုကောင်းမွန်သည်ကိုတွေ့ရပါပြီး အသား(သို့မဟုတ်) ငါးကို တစ်ပါတ်တွင် ပျမ်းမှ ၂.၅ကြိမ်ခန့် စားနိုင် သည်ကို တွေ့ရပါသည်။

အမျိုးသမီးများ(၁၅နှစ်မှ ၄၉နှစ်ထိ)၏ အစားအစာစားသောက်မှု မတူကွဲပြားခြင်းကိုလေ့လာရာတွင် ၁၃.၈ ရာခိုင်နှုန်းသာ အနည်းဆုံး လိုအပ်သောအစားအစာ များကိုရရှိပါသည်။ အမျိုးသမီးများသည် အစားအစာမလုံလောက်၊ခက်ခဲသည့်အတွက် ဖြေရှင်းကျော်လွှားကြရာ တွင် အိမ်ထောင်စုတွင် အထိခိုက်ခံရဆုံး အိမ်ထောင်စု ဝင်များဖြစ်ကြပါသည်။ ထိုသည်မှာ အမျိုးသမီးများအတွက် အစားအစာစားသောက်ရမှုပုံစံမှာ နိမ့်နေသည်ကို ထင်ဟပ်နေပြီး (၃.၁ နှင့် ၃.၉ household level score) အသားဓာတ်ကို စားသုံး နိုင်မှုမှာ ကွဲပြားနေပါသည်။ ၅၂ရာခိုင်နှုန်းသော အိမ်ထောင်စုဝင်များ တွင် ၃၀ရာခိုင်နှုန်းသော အမျိုးသမီးများသာလျှင် အသား (သို့မဟုတ်)ငါးကို ဆန်းစစ်လေ့လာမှုမပြုခင်တစ်ရက်က စားကြ ရပါသည်။


ယခုဆန်းစစ်လေ့လာမှုတွင် ၈၂ရာခိုင်နှုန်းသော အသက်- မွေးကင်း စမှ ၂၃လ(၂နှစ်အောက်)ကလေးများအားအစားအစာ ကျွေးမွေးမှု ပုံစံကို လေ့လာထားပါသည်။ မည်သည့် ကလေးတစ်ယောက်မျှ အနည်းဆုံး(အနိမ့်ဆုံး) အစားအစာစားသောက်မှုလိုအပ်သောပုံစံ မရှိပါ။ ထိုသည်မှာ အစားအစာစားသောက်မှုပုံစံများ ၊ အစားအစာ စားရသော အကြိမ်အရေအတွက်များ နှစ်မျိုးလုံးလျော့နည်းခြင်း ပျက်ကွက်ခြင်း တို့ကြောင့်ဖြစ်သည်မှာ ထင်ဟပ်နေပါသည်။ ၉.၅ ရာခိုင်နှုန်းသော ၂နှစ်အောက် ကလေးများသာလျှင် အရည်မဟုတ်သော မာသောအစာ (သို့) မပျော့မမာ (သို့) ချေထားသောအစာ အစာပျော့ပျော့ (မိခင်နို့မတိုက်သောကလေးအတွက် နို့မှုန့်တိုက်ခြင်း အပါ အဝင်)ဖြစ်သည့်အစားအစာများကိုဆန်းစစ် လေ့လာသော နေ့မတိုင်ခ င် ယခင်နေ့က ပို၍ (သို့) အကြိမ်အနည်းငယ် စားရပါသည်။ ဆန်းစစ်လေ့လာသော နေ့မတိုင်ခင်တစ်ရက်က အစားအစာ အုပ်စု လေးမျိုး (သို့) လေးမျိုးထက်ပိုသော အစားအစာအုပ်စုများကို စားရသည့်ကလေးများအချိုးမှာ ၃.၇ရာခိုင်နှုန်း သာရှိပြီး နည်းလွန်း ပါသည်။ (ပုံ ၇)

# ဈေးနှင့် အစားအစာဈေးနှုန်း

**မြေပုံ ၄။** *ဈေးအခြေအနေ*




**ပုံ ၅။** *အဓိကစားသောက်ကုန်များ၏ ပုံမှန် ဈေးနှုန်းပြောင်းလဲမှု (၂၀၁၄-၂၀၁၇)*




## ဈေးများ

မောင်တောခရိုင် တောင်ပိုင်းရှိဈေးများသည်ပုံမှန်ဖွင့်နေပြီးမြောက်ပိုင်းရှိဈေးပေါင်း ၂၅ ဈေးတွင် ဈေး ၈ ဈေးမှာ တပိုင်းတစ်ပိုင်းတစ်စဖွင့်လိုက်ပြီး ဈေး ၉ ဈေးမှာပိတ်ထားပါသည်။ မောင်တောတောင်ပိုင်:တွင်နေထိုင်သူများသည်ဈေးသို့ရောက်ရှိရန်စစ်ဆေးရေးဂိတ်များကိုဖြတ်သန်းရသည်ကိုစိတ်ထင့်နေကြသည်။

ဈေးများသည် မတည်ငြိမ်သော ကုန်သွယ်မှု များကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုသို့ဦးတည် နေသည်။မောင်တောခရိုင်သို့ရောက်ရှိလာသောလာသော စားသုံးကုန်(အဓိကဆန်)များသည် ရခိုင်ပြည်နယ်တောင်ပိုင်းနှင့်အလယ်ပိုင်း ဘက်မှလာပြီး၊ ဘူးသီးတောင်ရှိစည်ပင်ဈေးများမှတစ်ဆင့် ပုံမှန်တင် သွင်းနေကျဖြစ်သည်။ အဆိုပါ သွင်းကုန်ပစ္စည်းများမှာလည်း ပုံမှန်မဟုတ်သလို နည်းပါးလာခဲ့ပါသည်။ အထူးသဖြင့်မြောက်ပိုင်း ဈေးတော်တော်များတွင်ငါးခြောက်၊လတ်ဆတ်သောဟင်းသီးဟင်းရွက်များစားအုန်းဆီနှင့်ပဲအမျိုး အမျိုးများလုံလောက်မှုမရှိသည်ကိုလေ့လာခဲ့သည်။

## အစားအစာ ဈေးနှုန်းများ

၂၀၁၇ခုနှစ် ဇန္နဝါရီလမှ ဧပြီလအတွင်း အစားအစာ ဈေးနှုန်းများသည် ၂၀၁၆ ခုနှစ် ဇန္နဝါရီလ မှဧပြီလအတွင်းအစားအစာ ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါ ကပျမ်းမျှ ၇.၄ ရာခိုင်နှုန်းနီးပါးမြင့်တက်လာခဲ့သည်။ မောင်တောခရိုင်၏ မြောက်ဖက်ပိုင်း တွင်အစားအစာ ဈေးနှုန်းသည်ပိုမိုမြင့်တက်ခဲ့သည်။ (ပုံ၊ ၅) အစားအစာ ဈေးနှုန်းမြင့်တက်ခြင်းကို ခြုံငုံသုံးသပ်ရာတွင် ဆန် နှင့် ဟင်း သီးဟင်းရွက်များ၏ ဈေးနှုန်းသည်အနည်းငယ်သာမြင့်တက်နေသော်လည်း ပရိုတင်းနှင့်အဆီဓာတ် ကြွယ်ဝသောအစားအစာအမျိုးအစားများဖြစ်သော ငါးခြောက်၊ပဲအမျိုးမျိုးနှင့်ဆီများ သည်ပိုမိုမြင့်တက်ခဲ့သည်။ ၂၀၁၆ခုနှစ် အောက်တိုဘာလမှ စ၍ငါးခြောက်၊ ပဲအမျိုးမျိုး နှင့် ဟင်းသီးဟင်းရွက်ဆီများသည် သယ်ယူစရိတ်မြင့်တက်လာခြင်း၊ ဈေးကွက်အတွင်း အလွယ်တကူမရရှိနိုင်သောကြောင့် ဈေးနှုန်းများရုတ်ချည်း မြင့်တက်လာခဲ့သည်။ လေ့လာခဲ့မှုများအရ မောင်းတောခရိုင်ရှိ လူများအတွက် ပရိုတိန်းဓာတ် ရရှိရန်အတွက် အဓိကအစားအစာ ဖြစ်သော အရည်အသွေးနိမ့်သော ငါးခြောက်များသည်ဘူးသီးတောင် နှင့် မောင်တောရှိ ဈေး ၅ ဈေး တွင် မရရှိနိုင်ပါ။ ငါးခြောက်များနည်းတူ စားအုန်းဆီဈေးနှုန်းသည် ၁၅ ရာခိုင်နှုန်း မြင့်တက်နေချိန်တွင် ပဲအမျိုးမျိုး ၏ ဈေးနှုန်းသည် ၄၆ ရာခိုင်နှုန်းမြင့်တက်လာသည်။ ဆန်၊အာလူးနှင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းသည်ဝယ်လိုအားနည်းသောကြောင့် ထိုးဆင်းသွားသည်ဟု ယူဆရသည်။ ၂၀၁၇ ခုနှစ်ဧပြီလတွင် ဆန်ဈေးနှုန်းသည် ၎င်း၏ အမြင့်ဆုံးဖြစ်သော အောက်တိုဘာ မှ ဒီဇင်ဘာလအပြီး ထိုးဆင်းသွားရာ မတ်လ ၂၀၁၅ မှစတင်နှိုင်းယှဉ်ပါက ဈေးနှုန်းအကျဆုံးဖြစ်နေသည်။ ၂၀၁၆ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းသည် ၂၀ ရာခိုင်နှုန်း ကျဆင်းသွားပြီး အဓိက ထွက်ရှိရာဒေသဖြစ်သော ဘူးသီးတောင် မြောက်ပိုင်းတွင် ၃၃ ရာခိုင်နှုန်း ကျဆင်းသွားသည်။ ရာသီအလိုက်သီးနှံများဖြစ်သော အာလူး၊ခရမ်းချဉ်သီး နှင့် ခရမ်းသီး အစရှိသည်တို့၏ ပျမ်းမျှဈေးနှုန်းများသည် ၂၀၁၆ခုနှစ် နှင့်နှိုင်းယှဉ်ပါက ၆၇ ရာခိုင်နှုန်း ကျဆင်းသွားသည်။

**ပုံ ၆။** *အစားအစာဈေးနှုန်း အညွှန်း*



# ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းများနှင့် လူမှုစီးပွားရေး အချက်အလက်များ

## ဝင်ငွေနှင့် ဆင်းရဲနွမ်းပါးမှု

၂၀၁၆ခုနှစ်စက်တင်ဘာလမှ စတင်၍ အိမ်ထောင်စုဝင်အများစုသည် ရောက်ရှိလာတော့မည့် မိုးရာသီတွင် အခက်အခဲ ကျော်လွှားနိုင်မှုကို အဟန့်အတားဖြစ်စေသော အဓိကဝင်ငွေဆုံးရှုံးမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ ဝင်ငွေဖန်တီးနိုင်မှုအခွင့်အလမ်းများအားစိုးရိမ်ပူပန်ရခြင်း နှင့် နေထိုင်မှုစရိတ်ကြီးမြင့်လာမှုတို့ကြောင့်အိမ်ထောင်စုအများစုသည် အစားအစာလိုအပ်မှုများ၊ပညာရေး ကျန်းမာရေးတို့ ကဲ့သို့သော လိုအပ်မှုများကို မတတ်နိုင်ရုံမျှမက အဟာရမျှတစွာစားသုံးမှုကိုလည်းမပြုလုပ်နိုင်ကြပါ။ အသက်မွေးဝမ်းကျောင်းခက်ခဲ မှုတွင် မောင်တောခရိုင်သည် တစ်နိုင်ငံတစ်နိုင်ငံလုံး ပျမ်းမျှထက်နှစ်ဆကျော် ရှိနေပြီး အမြင့်ဆုံးဖြစ်နေသည်။ ခန့်မှန်း ဆင်းရဲမွဲတေမှုတွင် ၆၂ ရာခိုင်းနှုန်းရှိပြီး ၄င်းတို့အနက်မှ ၁၉ ရာခိုင်နှုန်းသော အိမ်ထောင်စုဝင်များသည် အစားအစာရှားပါးခြင်း နှင့် အခြေခံလိုအပ်ချက် များလုံလောက်မှုမရှိကြပါ။

## အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နိုင်မှု

ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ဒေသတွင်းနေထိုင်သူများသည် ယခုအချိန်အထိ သစ်တောများ၊ စိုက်ပျိုးမြေများနှင့် ငါးဖမ်းဧရိယာများသို့ ရောက်ရှိနိုင်ခြင်းမရှိသေးပါ။
၂၀၁၇ခုနှစ် ဧပြီလ ငါးသားပေါက်နှုန်းသည် ၂၀၁၆ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၄၀ ရာခိုင်နှုန်းကျဆင်းသွားသည်။ ဒေသတွင်းထုတ်လုပ်သောမီးသွေးနှင့် ထင်း ဈေးနှုန်းများသည် ၂၀၁၆ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၄၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ဈေးနှုန်းမြင့်တက်ရခြင်းမှာသစ်တောများအတွင်းသို့ အကန့်အသတ်နှင့်သာ သွားလာ မှုများကြောင့်လည်း ဖြစ်နိုင်သည်။
အဓိက စိုက်ပျိုးထုတ်လုပ်ရာ နေရာဖြစ်သော ခရိုင်မြောက်ပိုင်းတွင် စိုက်ပျိုးထုတ်လုပ်ခြင်း နှ င့် အလုပ်သမားလိုအပ်ချက်သည် ပဋိပက္ခများကြောင့် ကျဆင်း ထိခိုက်ခဲ့သည် ။ ဝယ်လိုအားလျော့နည်းမှုများနှင့် ဆန်နှင့် ဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းလျော့ကျလာမှုကြောင့် လယ်သမားများသည်သီးနှံ များဆုံးရှုံးခြင်း နှင့် ရိတ်သိမ်းသီးနှံများ၏ အကျိုးအမြတ်များ လျော့ကျလာခဲ့သည်။

## အသက်မွေးဝမ်းကျောင်း လှုပ်ရှားမှုများ

အများစုဖြစ်သော ၅၃ ရာခိုင်နှုန်းမှာ ကျပန်းအလုပ်သမားများဖြစ်ကြပြီး ထို့နောက် လယ်ယာလုပ်ကိုင်သူ ၁၇ ရာခိုင်နှုန်း ၊ သစ်ဝါးခုတ်သူ ၁၃ ရာခိုင်နှုန်း၊ တံငါလုပ်ငန်း လုပ်ကိုင်သူ ၄ ရာခိုင်နှုန်း နှင့် ကုန်သွယ်မှုလုပ်ကိုင်သူ ၆ ရာခိုင်နှုန်း ဖြစ်ကြသည်။ လွန်ခဲ့သောသုံးလခန့်အတွင်း ဝင်ငွေမရရှိသော အိမ်ထောင်စုဝင်များမှာ ၃ ရာခိုင်နှုန်းရှိသည်။
၈၅ ရာခိုင်နှုန်းခန့်သော အိမ်ထောင်စုများသည် ဝင်ငွေရရှိသောလုပ်ငန်း အမျိုးအစား တစ်မျိုးတည်းသာရှိပြီး ပျမ်းမျှ တစ်အိမ်ထောင်လျှင် ၁.၃ ယောက်သာ ဝင်ငွေရှာနိုင်သည်။ အမျိုးသားများ ဝင်ငွေရှာနိုင်သော အိမ်ထောင်စုမှာ၇၇ ရာခိုင်နှုန်းသာရှိပြီး အမျိုးသားနှင့်အမျိုးသမီး အတူတကွ ဝင်ငွေရှာနိုင်သော အိမ်ထောင်စုမှာ ၇ ရာခိုင်နှုန်း ရှိသည်။ အမျိုးသမီးများနှင့် ကလေးများ သာဝင်ငွေရှာနိုင်သော အိမ်ထောင်စုများမှာ၁၅ ရာခိုင်နှုန်းခန့်ရှိသည်။

## နေ့စဉ် လုပ်ကိုင်မှုများ

လူဦးရေ၏လေးပုံသုံးပုံလောက်သည် မြေယာပိုင်ဆိုင်မှုမဲ့ခြင်း သို့မဟုတ် မြေယာများသို့ မရောက်ရှိနိုင်မှုကြောင့် လူဦးရေ၏ ထက်ဝက်လောက်သည်အခါအားလျော်စွာနေ့စား အလုပ်လုပ်ကိုင်ခြင်းသည် အဓိကအကျဆုံးသော ဝင်ငွေအရင်းအမြစ်ဖြစ်သည်။
၂၀၁၇ခုနှစ်ပထမလေးလပတ်တွင် နေ့စားအလုပ် လိုအပ်ချက် ကျဆင်းလာမှုကြောင့် ကျပန်းအလုပ်သမားများ ပိုလျှံလာခဲ့ပြီး ကျပန်းအလုပ်သမားလုပ်ခ လျော့ကျခြင်းနှင့် အလုပ်လက်မဲ့များ တိုးပွားလာခြင်းကို ဖြစ်စေသည်။ ၂၀၁၆ ခုနှစ်ပထမလေးလပတ်နှင့် နှိုင်းယှဉ်ပါက အလုပ်သမားများ၏ ဝင်ငွေသည် ၂၇ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်။ ပျမ်းမျှလုပ်ခလစာသည် ၂၀၁၆ခုနှစ်ဧပြီလနှင့် နှိုင်းယှဉ်ပါက အနည်းငယ်သာ ကျဆင်းခဲ့သော်လည်း တစ်ပတ်တင်ကြိုလေ့လာမှုများအရ သုံးပုံ နှစ်ပုံသော နေ့စားအလုပ်သမားများ၏ အလုပ်လုပ်ချိန်သည်၁.၅ ရက် လျော့နည်းသွားသည်။

## စိုက်ပျိုးရေး

ကျေးလက်ဒေသ ဖြစ်စေကာမူ အိမ်ထောင်စုများ၏မြေယာပိုင်ဆိုင်မှုနှင့် စိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ကိုင်နိုင်မှုမှာ ၃၄.၁ ရာခိုင်နှုန်းသာရှိသည်။ မြေယာပိုင်ဆိုင်သော အိမ်ထောင်စုဝင်များမှာ ၁၄ ရာခိုင်နှုန်းသာ ရှိပြီး မြေကို အငှားချထားမှုမှာ ၁၇ ရာခိုင်နှုန်းနှင့် ဘုံအသုံးပြုသောမြေမှာ ၂ ရာခိုင်နှုန်း အသီးအသီးရှိသည်။
လူဦးရေ နှင့် မြေယာပိုင်ဆိုင်မှုအချိုး (မြေပုံ-၅)သည် စိုက်ပျိုးထုတ်လုပ်သောနေရာများ ခရိုင်အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ကျေးရွာအုပ်စုများတွင် ဖောက်ချ စိုက်ပျိုးလုပ်ကိုင်နေချိန်တွင် သစ်တောများ ဖုံးလွှမ်းလျက်ရှိသော မြောက်ဖျားပိုင်းတွင် အနည်းငယ်သာ ဖောက်ချလုပ်ကိုင်မှုကို ပြသနေသည်။
အိမ်ထောင်စုအများစုသည် သီးနှံတစ်မျိုးတည်းကိုသာ စိုက်ပျိုးလုပ်ကိုင်သည်။ စပါး ၅၃ ရာခိုင်နှုန်း နှင့် ဟင်းသီးဟင်းရွက် ၂၇ ရာခိုင်နှုန်းသည် အဓိကစိုက်ပျိုးထုတ်လုပ်သော သီးနှံများဖြစ်သည် ထို့နောက် ကောက်ပဲသီးနှံ ၁၅ရာခိုင်နှုန်း နှင့် ဟင်းသီးဟင်းရွက်အဆီ ၁၄ ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်သည်။
၈၃ ရာခိုင်နှုန်းသော ၂ ဧကအောက်ပိုင်ဆိုင်သည့် လယ်သမား အိမ်ထောင်စုများ၏ စားသောက်နေထိုင်မှုပုံစံမှာ သာမန်အောက် ရောက်ရှိနေသည်။ လေ့လာမှုပြုလုပ်နေစဉ်တွင် ထက်ဝက်လောက်သော အိမ်ထောင်စုများမှ စိုက်ပျိုးထုတ်လုပ်လိုက်သော ဆန် နှင့် ဟင်းသီးဟင်းရွက်များမှာ လိုအပ်သည်ထက် လျော့နည်းနေခဲ့ပြီး စိုက်ပျိုးထုတ်လုပ်လိုက်သော ၄င်းအစားအစာတို့ကို ကိုယ်တိုင်စားသုံးခြင်း နှင့် ဈေးများအပေါ်တွင် သာမှီခိုနေကြရသည်။


## ကြွေးမြီများ

အိမ်ထောင်စုများသည် ဝင်ငွေလျော့နည်းလာမှု ကို ဖြေရှင်းရန် ကြွေးသစ်များယူခဲ့ကြသည်။ လွန်ခဲ့သောသုံးလအတွင်း အကြွေးအသစ်ယူမှုနှင့် ပတ်သတ်ပြီး လေ့လာရာတွင် အကြွေးသစ်ယူမှုသည်၂၀၁၆ ခုနှစ်မှစပြီး ၅၂ ရာခိုင်နှုန်းမှ ၇၃ ရာခိုင်နှုန်းသို့မြင့်တက်သွားခဲ့ပြီးကြွေးယူထားသော အိမ်ထောင်စုများသည် ၇၃ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ၇၀ ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် ချေးငွေများကို အစားစာဝယ်ယူစားသုံးရန် အသုံးပြုပြီး ၁၉ ရာခိုင်နှုန်းသည် ကျန်းမာရေးအသုံးစရိတ်အတွက် အသုံးပြုခဲ့သည်။
ကြွေးမြီများ သည်တစ်စထက်တစ်စ ပိုမိုများပြားလာခဲ့သည်။ ယခင်လေ့လာမှုများတွင် ကြွေးမြီများဆပ်ရန် အလုပ်လုပ်ရမည့်ပျမ်းမျှရက်အရေအတွက်သည် ၄၈.၆ ရက်သာ ရှိသော်လည်း ယခုလေ့လာမှုတွင် လုပ်ခလစာများနည်းပါလာပြီး ကြွေးမြီများပြားလာခြင်းကြောင့် အိမ်ထောင်စုများကြွေးမြီ ဆပ်ရန်အလုပ်လုပ်ရမည့် ရက်သည် ၈၄.၇ ရက်သို့မြင့်တက်ခဲ့သည်။ ဒါ့အပြင်ထို့သို့သော အခက်အခဲဖြေရှင်းနည်းသည် မကြာခဏ ဖြစ်ပွားလေ့ရှိပြီး အိမ်ထောင်စုများ၏ ကြွေးတင်ခြင်းသည် မြင့်တက်လာပြီး အတိုးနှုန်းများပြားလာကာ အိမ်ထောင်စု၏ စီးပွားရေးကိုပါ ထိခိုက်လာသည်။ ပညာရေး သို့မဟုတ် ထုတ်လုပ်ရေးကုန်ပစ္စည်းများ ဝယ်ယူရာတွင် မြှုပ်နှံအသုံးပြုခြင်းလည်းဖြစ်နိုင်သည်။


## ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှု

သောက်သုံးရေ သန့်ရှင်းစွာ မရရှိနိုင်မှု နှင့် မရောက်ရှိနိုင်မှုသည် ကြိုချက်သန့်စင်မထားသော ရေနှင့် မြစ်ချောင်း အင်းအိုင်များမှရေများကို သောက်သုံးမှု ၅၅ ရာခိုင်နှုန်းသို့ ရောက်ရှိစေသလို လွန်ခဲ့သောတစ်နှစ်အတွင်း ရေအလုံအလောက်မရရှိဟုဖြေကြားသူ ၄၀ရာခိုင်နှုန်းရှိခဲ့သည်။ ကြိုချက် သန့်စင်မထားသောရေနှင့် မြစ်ချောင်း အင်းအိုင် များမှ ရေများသည် ကျန်းမာရေးအတွက် ဆိုးကျိုးများဖြစ်ပေါ်စေပြီး ကလေးများ၏ အာဟာရချို့တဲ့မှုကို ဆိုးရွားစွာ ဖြစ်ပေါ်စေသည်။ (မြေပုံ-၈)
၃၅ ရာခိုင်နှုန်း ခန့်သော အိမ်ထောင်စုများသည် ရောဂါဖြစ်ပွားခြင်းနှင့် အဟာရချို့မှုကို ဖြစ်စေနိုင်သော၊ သေသေချာချာစီမံထားခြင်မရှိသော အိမ်သာများနှင့် လဟာပြင်များတွင် အပေါ့အလေးစွန့်ခြင်းများရှိခဲ့သည်။ (မြေပုံ-၇)
၈၀ ရာခိုင်နှုန်း သော အိမ်ထောင်စုများသည် ခြေလက်ဆေးကြောရန် နေရာ အတည်တကျ မရှိဘဲ နေအိမ်ထဲတွင်သာ ရေပုံး ၊ ခရား၊ ခွက်စသည်တို့တွင် ရေဖြည့်သုံးစွဲကြသည်။ ထက်ဝက်မျှသော လူဦးရေများသည်ဆပ်ပြာသို့မဟုတ်သန့်ရှင်းစေသောအရာများကို အသုံးမပြုကြပေ။

**မြေပုံ ၅။** *မြေယာပိုင်ဆိုင်မှုအချိုး*




**ပုံ ၇။** *ဝင်ငွေရရှိသော လုပ်ငန်းများ*



# အခြားအချက်အလက်များ

## စားနပ်ရိက္ခာဖူလုံမှုကိုတိုင်းတာသော အညွှန်းကိန်းများ

**Food Consumption Score (FCS):** အစားအစာ စားသောက်မှုကိုတိုင်းတာ သောအမှတ် (FCS) ဆိုသည်မှာ လွန်ခဲ့သော တစ်ပတ်အတွင်း စားသောက်ခဲ့သော စားသောက်မှုပုံစံကွဲပြားမှု ၊ အစားအစာစားသော အရေအတွက်၊ စားသောအစားအစာ အုပ်စုများတွင် အဓိကကျသော အာဟာရဓာတ်များနှင့် ပတ်သက်မှုများ အားလုံးကို အခြေခံ၍ စုပေါင်းထားသောအမှတ်ဖြစ်သည်။ FCS အမှတ်သည် ၂၄.၅ အောက်ရှိပါက အစားအစာစားသောက်မှုချို့တဲ့ပြီး ၂၄.၅ မှ၃၈.အတွင်းရှိပါက စားသောက်မှုပုံစံ သင်တင့်မှုရှိကာ ၄င်းထက်ပိုပါက စားသောက်မှု ပုံစံကောင်းမွန်သည်ဟုသတ်မှတ်ပါသည်။

**Household Food Insecurity Access Scale (HFIAS):** HFIAS သည် လွန်ခဲ့သောတစ်လ (ရက်ပေါင်းသုံးဆယ်) အတွင်း အစားအစာရရှိနိုင်မှုနှင့်ပတ်သတ်ပြီး တိုင်းတာနိုင်သော နည်းလမ်းတစ်ခုဖြစ်သည်။ အစားအစာရရှိရန် အရင်းအမြစ်ကန့်သတ်ချက်များကြောင့် စားသုံးမှုပုံစံပြောင်းလဲမှုကို သိရှိနိုင်ရန် မေးခွန်း ၉ ခုနှင့် ဖွဲ့စည်းထားသည်။ လွန်ခဲ့သော ရက်ပေါင်းသုံးဆယ်အတွင်းစားနပ်ရိက္ခာမဖူလုံမှုမည်မျှဆိုးရွားသည်ကိုတိုင်းတာပေးသည်

**Household Dietary Diversity Score (HDDS):** HDDS သည် လွန်ခဲ့သော၂၄ နာရီ အတွင်း အိမ်ထောင်စုများ စားသုံးသော အစားအစာအုပ်စုများကို လေ့လာခြင်းဖြစ်သည်။ စားသောက်မှုအုပ်စုများ နည်းလျှင် အစားအသောက်ဆင်းရဲနေပြီး အဟာရ ချို့နိုင်သည်ဟု ယူဆနိုင်သည်။

**Women Dietary Diversity Scores (MDD-W):** MDD-W သည် အသက် ၁၅ နှစ် မှ၄၉ နှစ်အတွင်းရှိ အမျိုးသမီးများ စားသုံးခဲ့သော ညစာသို့မဟုတ်နေ့လည်စာ တွင်သတ်မှတ်ထားသော အစားစားအုပ်စု ၁၀ ခုထဲမှ အနည်းဆုံး၅ ခု စားမစားခြင်းကို မေးမြန်းခြင်းဖြစ်သည်။ အသက် ၁၅ နှစ်မှ ၄၉နှစ် ရှိ အမျိုးသမီးများ၏ စားသုံးမှုအချိုးအစားသည် အနည်းဆုံးအဆင့်သို့ရောက်နေပါက အာဟာရနည်းပါးမှုမြင့်မားသည့် လက္ခဏာဟု ယူဆပြီး အရည်အသွေးပြည့်မီစွာ စားသုံးရန်အတွက် အရေးကြီးပါသည်။ (www.fao.org/3/a-i5486e.pdf )

**Child Minimum Acceptable Diet (MAD):** MAD သည် ၆လ မှ ၂၃ လ အတွင်းရှိ ကလေးများ စားသုံးသော အစားအစာ၏ အရည်အသွေးနှင့် ပမာဏကို ဖော်ပြသည်။ MAD သည် Infant and Young Child Feeding (IYCF) အညွှန်းကိန်းများဖြစ်ကြသော ကလေးများ၏ စားသုံးမှုအဟာရကို တိုင်းတာပေးသော Minimum Dietary Diversity (MDD)အညွှန်းကိန်းနှင့် Minimun Meal Frequency (MMF) အညွှန်းကိန်း နှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်သည်။

**Livelihood Coping Strategies (LHCS):** LHCS သည် လွန်ခဲ့သောရက်သုံးဆယ်အတွင်း အသက်မွေးဝမ်းကြောင်းမှုနှင့် ပတ်သတ်ပြီးတွေ့ကြုံခံစားခဲ့ရသော အခက်အခဲများကို သိရှိနိုင်ရန်မေးမြန်းထားသောမေးခွန်းများဖြစ်သည်။ LHCSသည် အိမ်ထောင်စုများ၏ရေရှည် အခက်အခဲကျော်လွှားသည့်နည်းလည်းများကို ပိုမိုနားလည်နိုင်ရန် အသုံးပြုသည်။ အသက်မွေးဝမ်းကြောင်းအခြေပြု အခက်အခဲကျော်လွှားမှုနည်းလမ်းများ အားလုံးအတွက် လွန်ခဲ့သောရက်သုံးဆယ်အတွင်း ကိုသာ အခြေခံထား၍ မေးမြန်းသည်။

**Food Price Index:** အစားအစာဈေးနှုန်း အညွှန်းကိန်းများ ကို အစားအစာဈေးနှုန်းတစ်ခုတည်းပေါ်တွင်အခြေခံ၍ တွက်ချက်သည်။ အဓိကလိုအပ်သည့်စားနပ်ရိက္ခာ ဈေးနှုန်းကိုသာ ကာလအပိုင်းအခြား တစ်ခုစီ အလိုက်တွက်ချက်သည်။

## နမူနာသတ်မှတ်ခြင်း

လေ့လာမှုများသည် ကိန်းဂဏန်းအချက်အလက်များပေါ်မူတည်၍ မြို့နယ်အဆင့် နမူနာ ကောက်ယူသည်။ နမူနာ အရွယ်အစား သတ်မှတ်ရာတွင် စားနပ်ရိက္ခာဖူလုံမှုနှင့် အဟာရ စိတ်ဖြာလေ့လာချက်များ တွင်ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုသည်။ The Simple Spatial Survey Method (S3M) ကိုနမူနာနေရာများ ကောက်ယူခြင်း သို့မဟုတ်အခြေခံ နမူနာ အစုများကောက်ယူခြင်း နှင့် မြို့နယ်အဆင့် နမူနာ နေရာများကောက်ယူရာတွင် အနည်းဆုံး နမူနာအရွယ်အစား ကိုသတ်မှတ် ရန် Simplified Lot Quality Assurance Sampling Evaluation of Access and Coverage (SLEAC) တို့အတွက်အသုံးပြုသည်။S3Mနည်းလမ်းသည် မြို့နယ်အကျယ်အဝန်းပေါ်မူတည်ပြီး သင့်တော်သော အကွာအဝေး ၅ ကီလိုမီတာ မှ ၁၅ ကီလိုမီတာအတွင်း အခြေခံပြီး လူဦးရေပမာဏအရ မောင်တောမြို့နယ်တွင် ၂၄ နေရာနှင့် ဘူးသီးတောင်မြို့နယ်တွင် ၂၁ နေရာကောက်ယူခဲ့သည်။ (မြေပုံ-၆)

## ရည်ညွှန်းကိုးကားချက်များ



WFP. Food Consumption Analysis—Calculation and use of the food consumption score in food security analysis. Vulnerability Analysis and Mapping, February 2008.

Valid International. Case Study: Application of Simple Spatial Sampling Method (S3M). Niger National CMAM coverage and IYCF practices survey. October 2011 to February 2012.


FHI 360/FANTA. Household Food Insecurity Access Scale (HFIAS) for Measurement of Household Food Access: Indicator Guide (v. 3). 2007.

Food and Nutrition Technical Assistance II Project, FHI 360. Household Hunger Scale: Indicator Definition and Measurement Guide. 2011.



**မြေပုံ ၆။** *ကျေးရွာအုပ်စုအလိုက်လူဦးရေ*




**ပုံ ၈။** *IYCF Practices*




**မြေပုံ ၇။** *စနစ်မကျသော မိလ္လာစနစ်များ*




**မြေပုံ ၈။** *သန့်ရှင်းမှုမရှိသောရေအရင်းအမြစ်များ*

